# မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်

**e-Newsletter**

Vol.2 No.9 September


## ကော်မရှင်ပုံမှန်အစည်းအဝေးနှင့် အုပ်ချုပ်မှုစီမံခန့်ခွဲရေး ကော်မတီ အစည်းအဝေးများကျင်းပခြင်း




### ဩဂုတ်လ ၂၉ ရက်

မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင် ပုံမှန်အစည်းအဝေး အမှတ်စဉ် (၈/ ၂၀၂၃) ကို ၂၉-၈ -၂၀၂၃ ရက်နေ့၌ Conference Room တွင် ကျင်းပခဲ့ရာ ကော်မရှင် ဥက္ကဋ္ဌ၊ ဒုတိယ ဥက္ကဋ္ဌ၊ ကော်မရှင်အဖွဲ့ဝင်များ၊ ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြပါသည်။ အဆိုပါအစည်းအဝေးတွင် ကော်မရှင် ဥက္ကဋ္ဌက အဖွင့်အမှာစကား ပြောကြားခဲ့ပြီး မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်၏ လူ့အခွင့်အရေးမြှင့်တင်ရေးနှင့် ကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရေးအတွက် သက်ဆိုင်ရာဘာသာရပ်တာဝန်ခံ ကော်မရှင်အဖွဲ့ဝင်များနှင့် ဌာနတာဝန်ခံ၊ ညွှန်ကြားရေးမှူးများက တင်ပြဆွေးနွေးခဲ့ကြပါသည်။

ကော်မရှင်၏ အုပ်ချုပ်မှု စီမံခန့်ခွဲရေး ကော်မတီ အစည်းအဝေး အမှတ်စဉ် (၈/၂၀၂၃) ကို ၄-၈-၂၀၂၃ ရက်နေ့တွင် ကျင်းပခဲ့ရာ ဒုတိယဥက္ကဋ္ဌနှင့် ကော်မရှင်အုပ်ချုပ်မှု စီမံခန့်ခွဲရေး ကော်မတီက တာဝန်ပေးအပ်သည့် အလှည့်ကျ ကော်မရှင် အဖွဲ့ဝင်များဖြစ်သည့် ကော်မရှင်အဖွဲ့ဝင် ဒေါက်တာတင်မောင်မောင်သန်း၊ ကော်မရှင်အဖွဲ့ဝင် ဦးတင်အောင်၊ ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြပါသည်။

ကော်မရှင်၏ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်၊ ဖြည့်စွက်ခွင့်ပြုငွေ တောင်းခံရေးအတွက် အုပ်ချုပ်မှု စီမံခန့်ခွဲရေး

ကော်မတီ အထူးအစည်းအဝေး အမှတ်စဉ် (၂/၂၀၂၃) ကို ၁၆- ၈- ၂၀၂၃ ရက်နေ့တွင် ကျင်းပခဲ့ရာ ကော်မရှင် ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌနှင့် ကော်မရှင်အုပ်ချုပ်မှု စီမံခန့်ခွဲရေး ကော်မတီက တာဝန်ပေးအပ်သည့် အလှည့်ကျ ကော်မရှင် အဖွဲ့ဝင်များဖြစ်သည့် ကော်မရှင်အဖွဲ့ဝင် ဒေါက်တာ တင်မောင်မောင်သန်း၊ ကော်မရှင်အဖွဲ့ဝင် ဦးတင်အောင်၊ ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြပါသည်။

## (၇၅) နှစ်မြောက် အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးနေ့ကျင်းပရေး ညှိနှိုင်းအစည်းအဝေးကျင်းပခြင်း



ဩဂုတ်လ ၁၇ ရက်

မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်ရုံး၌ ၁၇-၈-၂၀၂၃ ရက်နေ့၊ ၁၀:၀၀ နာရီ အချိန်တွင် ကော်မရှင်ရုံး Conference Room ၌ (၇၅) နှစ်မြောက် အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးနေ့ ကျင်းပရေး ညှိနှိုင်း အစည်းအဝေးကို ကျင်းပဆောင်ရွက်ခဲ့ရာ အဖွဲ့ခေါင်းဆောင် ကော်မရှင်ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌနှင့် ကော်မရှင်အဖွဲ့ဝင်များ၊ အတွင်းရေးမှူး ညွှန်ကြားရေးမှူးချုပ်၊ တွဲဖက်အတွင်းရေးမှူး ဒုတိယညွှန်ကြားရေးမှူးချုပ်နှင့် ဌာန တာဝန်ခံများ တက်ရောက်ကြပါသည်။

အစည်းအဝေးတွင် ဦးဆောင်ကော်မတီဥက္ကဋ္ဌ ကော်မရှင်ဥက္ကဋ္ဌက အဖွင့်အမှာစကား ပြောကြားပါသည်။ ထို့နောက် ဦးဆောင်ကော်မတီဒုတိယဥက္ကဋ္ဌက အမှာစကားပြောကြားပါသည်။ ဆက်လက်၍ 75th UDHR Campaign များဆောင်ရွက်ရေး ညှိနှိုင်းကြီးကြပ်ရေး ကော်မတီ၊ အဖွဲ့ခေါင်းဆောင်မှ (၇၅) နှစ်မြောက် အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးနေ့တွင် ကျင်းပပြုလုပ်မည့် အခြေအနေများကို တင်ပြဆွေးနွေးပါသည်။ ထို့နောက် တာဝန်ရှိသူများက အခမ်းအနားကျင်းပနိုင်ရေး နေရာရွေးချယ်သတ်မှတ်ခြင်း၊ လုပ်ငန်းအဖွဲ့များ ဖွဲ့စည်းထားရှိမှုနှင့် လုပ်ငန်းတာဝန်များ လျာထားမှုအခြေအနေများကို တင်ပြဆွေးနွေးခဲ့ကြပြီး တက်ရောက်လာကြသူများမှ အကြံပြု ဆွေးနွေးခဲ့ကြပါသည်။

ထို့နောက် (၇၅)နှစ်မြောက် အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးနေ့ ကျင်းပရေး ဦးဆောင်ကော်မတီဥက္ကဋ္ဌက နိဂုံးချုပ်အမှာစကားပြောကြားခဲ့ပြီး အစည်းအဝေးကို ၁၂:၀၀ နာရီအချိန်တွင် ရုပ်သိမ်းခဲ့ပါသည်။



## မြန်မာနိုင်ငံအမျိုးသား လူ့အခွင့်အရေးကော်မရှင်မှ ဝါဆိုသင်္ကန်း ကပ်လှူပူဇော်ပွဲ အခမ်းအနားကျင်းပပြုလုပ်






ဩဂုတ်လ ၃ ရက်

၁၃၈၅ ခုနှစ် ဒုတိယဝါဆိုလဆုတ်(၂)ရက်၊ မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်ရုံး ဝါဆိုသင်္ကန်း ကပ်လှူပူဇော်ပွဲအား ၃-၈-၂၀၂၃ ရက်နေ့တွင် ၀၉:၃၀ နာရီအချိန် ကော်မရှင်ရုံး Conference Room ၌ လှိုင်မဟာစည် သာသနဒ္ဓရိပ်သာ ကျောင်းတိုက်မှ ဆရာတော် (၃) ပါးကို ပင့်ဖိတ်၍ ဝါဆိုသင်္ကန်း ကပ်လှူပူဇော်ခြင်းနှင့် ပရိတ်တရားတော်နာယူပွဲ ကျင်းပခဲ့ရာ ကော်မရှင်ဥက္ကဋ္ဌနှင့် ကော်မရှင်အဖွဲ့ဝင်များ၊ ညွှန်ကြားရေးမှူးချုပ်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်နှင့် ကော်မရှင်ရုံးဝန်ထမ်းများ တက်ရောက်ခဲ့ကြပါသည်။ ထို့နောက်ဆရာတော်(၃)ပါးအား ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ၊ နဝကမ္မအလှူငွေများ၊ နေ့ဆွမ်းများကို ဆပ်ကပ်လှူဒါန်းခဲ့ပါသည်။

---

## နိုင်ငံတော်ကာကွယ်ရေးတက္ကသိုလ်၌ လူ့အခွင့်အရေးဆိုင်ရာ သင်ခန်းစာ သွားရောက်ပို့ချ




ဩဂုတ်လ ၁၀ ရက်

မြန်မာနိုင်ငံအမျိုးသား လူ့အခွင့်အရေး ကော်မရှင်သည် ကော်မရှင်ဥပဒေပုဒ်မ ၂၂(က)ပါပြဋ္ဌာန်းချက်များနှင့် အညီ အများပြည်သူ၏ လူ့အခွင့်အရေးအသိပညာ မြင့်မားလာစေရေးအတွက် သတင်းအချက်အလက်များ ဖြန့်ချိခြင်း၊ ပညာပေးခြင်းလုပ်ငန်းများကို နည်းလမ်းမျိုးစုံဖြင့် အရှိန်အဟုန် မြှင့်တင်ဆောင်ရွက်လျက်ရှိသည့်နည်းတူ ကမ္ဘာ့လူ့အခွင့်အရေးကြေညာစာတမ်း (၇၅) နှစ်မြောက်အခါသမယတွင် လူ့အခွင့်အရေး မြှင့်တင်ပညာပေးရေးလုပ်ငန်းများကိုလည်း အရှိန်အဟုန်မြှင့်တင် ဆောင်ရွက်လျက်ရှိပါသည်။ မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်ဥက္ကဋ္ဌ ဦးပေါ်လွင်စိန်သည် နိုင်ငံတော်ကာကွယ်ရေးတက္ကသိုလ်တွင် ဖွင့်လှစ်လျက်ရှိသော သင်တန်း အမှတ်စဉ် (၂၂) ၌ ၁၀-၈-၂၀၂၃ ရက်နေ့၊ နံနက် ၀၈:၀၀ နာရီမှ ၁၁:၅၀ နာရီထိ လူ့အခွင့်အရေး အခြေခံအယူအဆ၊ ကမ္ဘာ့လူ့အခွင့်အရေး ကြေညာစာတမ်း (UDHR)၊ အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးယန္တရားနှင့် လူ့အခွင့်အရေးကွန်ဗင်းရှင်းများ၊ ပါရီအခြေခံမူများ (Paris Principles)၊ လူ့အခွင့်အရေး အဖွဲ့အစည်းများထူထောင်မှု (Establishment of NHRIs) နှင့် မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင် စသည့် ဘာသာရပ် သင်ခန်းစာများ ရှင်းလင်းဆွေးနွေးပို့ချခဲ့ပါသည်။

သင်တန်းတွင် စုစုပေါင်း သင်တန်းသား အရာရှိကြီး (၉၅) ဦး တက်ရောက်ခဲ့ကြပြီး သင်တန်းသားများမှ သိရှိလိုသည့် မေးခွန်းများကို မေးမြန်းကြရာ ကော်မရှင်ဥက္ကဋ္ဌ ဦးပေါ်လွင်စိန်က ပြန်လည်ဖြေကြားခဲ့ပါသည်။

## မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်ရုံး၊ ကော်မရှင်ရုံးဝန်ထမ်းများအတွက် ၂၀၂၃ ခုနှစ်၊ အခြေခံရုံးလုပ်ငန်းသင်တန်း (ပထမအကြိမ်) ဖွင့်လှစ်ခြင်း




ဩဂုတ်လ ၁၆ ရက်

မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်ရုံးမှ အရာထမ်း/အမှုထမ်းများအတွက် ၂၀၂၃ခုနှစ်၊ အခြေခံရုံးလုပ်ငန်းသင်တန်း (ပထမအကြိမ်) သင်တန်းဖွင့်လှစ်ခြင်း အခမ်းအနားကို ၁၆-၈-၂၀၂၃ ရက်နေ့၊ ၁၃:၀၀ နာရီအချိန်တွင် ကော်မရှင်ရုံး Conference Room ၌ ကိုဗစ်-၁၉ ရောဂါကာလအတွင်း လိုက်နာရမည့် စည်းမျဉ်းစည်းကမ်းများနှင့်အညီ ကျင်းပပြုလုပ်ခဲ့ပါသည်။ အခမ်းအနားသို့ ကော်မရှင်ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌ၊ ကော်မရှင်အဖွဲ့ဝင်များ၊ ညွှန်ကြားရေးမှူးချုပ်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်နှင့် ညွှန်ကြားရေးမှူးများ၊ သင်တန်းတက်ရောက်ရမည့် အရာထမ်း/ အမှုထမ်းများ တက်ရောက်ခဲ့ကြပါသည်။

အခမ်းအနားတွင်မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေးကော်မရှင်၊ ကော်မရှင်ဥက္ကဋ္ဌ ဦးပေါ်လွင်စိန်က အဖွင့်အမှာစကားပြောကြားရာတွင် ယခုသင်တန်းသည် ကော်မရှင်ရုံးဝန်ထမ်းများ အမှန်တကယ် တက်မြောက်ရန် လိုအပ်သည့် အခြေခံရုံးလုပ်ငန်းဘာသာရပ်များဖြစ်သည့်အတွက် သင်တန်းသားများအနေဖြင့် ဂရုတစိုက်သင်ကြားစေလိုကြောင်း၊သင်တန်းဖွင့်လှစ်ရခြင်းသည် ကော်မရှင်ရုံးမှ အသစ်ခန့်အပ်ထားသည့် ဝန်ထမ်းများအတွက် အခြေခံရုံးလုပ်ငန်းကို သိရှိနားလည်ရန် လိုအပ်သည့်ဘာသာရပ်များဖြစ်ကြောင်း၊ သင်တန်းကာလအား ၁၆-၈-၂၀၂၃ ရက်နေ့မှ ၃၀-၈-၂၀၂၃ ရက်နေ့အထိ သင်ကြားဖွင့်လှစ်သွားမည်ဖြစ်ကြောင်းပြောကြားပါသည်။ ထို့နောက် ကော်မရှင်ဒုတိယဥက္ကဋ္ဌက အမှာစကား ပြောကြားပါသည်။ ဆက်လက်၍ကော်မရှင်ရုံး ညွှန်ကြားရေးမှူးချုပ်က အခြေခံရုံးလုပ်ငန်းသင်တန်းနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြပါသည်။

အဆိုပါသင်တန်းအားကော်မရှင်ရုံး၊ရုံးချုပ်နှင့်ရုံးခွဲများအပါအဝင် သင်တန်းသားဦးရေ (၁၉) ဦးဖြင့် (ပထမအကြိမ်) ဖွင့်လှစ်သွားမည်ဖြစ်ပြီး သင်တန်းကာလ(၁၀) ရက် ကြာမြင့်မည်ဖြစ်ပါသည်။



## မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်ရုံး၊ ကော်မရှင်ရုံးဝန်ထမ်းများအတွက် ၂၀၂၃ ခုနှစ်၊ အခြေခံရုံးလုပ်ငန်းသင်တန်း (ပထမအကြိမ်) သင်တန်းဆင်းပွဲ အခမ်းအနားကျင်းပခြင်း

ဩဂုတ်လ ၃၀ ရက်

မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်ရုံးမှ အရာထမ်း/အမှုထမ်းများအတွက် ၂၀၂၃ ခုနှစ်၊ အခြေခံရုံးလုပ်ငန်းသင်တန်း (ပထမအကြိမ်) သင်တန်းဆင်းပွဲ အခမ်းအနားကို ၃၀-၈-၂၀၂၃ ရက်နေ့၊ ၁၅:၀၀ နာရီအချိန်တွင် ကော်မရှင်ရုံး Conference Room ၌ ကိုဗစ်-၁၉ ရောဂါကာလအတွင်း လိုက်နာရမည့်စည်းမျဉ်းစည်းကမ်းများနှင့်အညီ ကျင်းပပြုလုပ်ခဲ့ပါသည်။ အခမ်း





အနားသို့ ကော်မရှင်ဥက္ကဋ္ဌ၊ ကော်မရှင်အဖွဲ့ဝင်များ၊ ညွှန်ကြားရေးမှူးချုပ်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်နှင့် ညွှန်ကြားရေးမှူးများ၊ သင်တန်းတက်ရောက်ခဲ့သည့် အရာထမ်း/ အမှုထမ်းများ တက်ရောက်ခဲ့ကြပါသည်။

အခမ်းအနားတွင်မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်၊ ကော်မရှင်ဥက္ကဋ္ဌ ဦးပေါ်လွင်စိန်က သင်တန်းဆင်း အမှာစကားပြောကြားပါသည်။ ထို့နောက် သင်တန်းသားတစ်ဦးမှ ကျေးဇူးတင်စကားပြောကြားပြီး သင်တန်းဆင်းပွဲအခမ်းအနားအား ၁၅:၃၅ နာရီအချိန် တွင် ရုပ်သိမ်းခဲ့ပါသည်။

---

## ဌာနအလိုက်လုပ်ငန်းဆောင်ရွက်မှု တင်ပြဆွေးနွေးခြင်း အစီအစဉ်ကျင်းပခြင်း



ဩဂုတ်လ ၁၅ ရက်

မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်သည် ကော်မရှင်ရုံးဝန်ထမ်းများ လူ့အခွင့်အရေး အသိပညာ ဗဟုသုတတိုးပွားလာစေရန်နှင့် အင်္ဂလိပ်စာ စွမ်းရည်တိုးတက်မြင့်မားလာစေရန် ရည်ရွယ်လျက် ၂၀၂၂ ခုနှစ်၊ မေလမှစတင်၍ ဌာနအလိုက်လုပ်ငန်းဆောင်ရွက်မှု နှင့် လူ့အခွင့်အရေး ဆိုင်ရာအကြောင်းအရာများကို အင်္ဂလိပ်ဘာသာဖြင့် ဆွေးနွေးတင်ပြသည့် အစီအစဉ် ပြုလုပ်ဆောင် ရွက်လျက်ရှိရာ ၁၅-၈-၂၀၂၃ ရက်နေ့ နေ့လယ် ၁၃ : ၀၀ အချိန်တွင် ကော်မရှင်ရုံး Conference Room ၌ ကျင်းပပြုလုပ်ခဲ့ရာ ကော်မရှင်ဥက္ကဋ္ဌ၊ ဒုတိယ ဥက္ကဋ္ဌ၊ ကော်မရှင်အဖွဲ့ဝင်များ၊ ညွှန်ကြားရေးမှူးချုပ်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်၊ ညွှန်ကြားရေးမှူးများနှင့် ကော်မရှင်ရုံး (ရုံးချုပ်နှင့်ရုံးခွဲ) များမှ အရာထမ်း၊ အမှုထမ်း များ တက်ရောက်ခဲ့ကြပါသည်။

အဆိုပါအခမ်းအနားတွင်ကော်မရှင်ဥက္ကဋ္ဌမှအဖွင့် အမှာစကားပြောကြားပြီး e-Government ဌာနမှ Freedom of Expression ခေါင်းစဉ်ဖြင့် လက်ထောက် ညွှန်ကြားရေးမှူး ဒေါ်နှင်းဝေလွင်၊ အကြီးတန်းစာရေး ဒေါ်မေမြတ်နိုးဦးနှင့် အငယ်တန်းစာရေး ဦးညီမင်းစံတို့က ဆွေးနွေးတင်ပြခဲ့ပါသည်။ ဆက်လက်၍ ဆွေးနွေးတင်ပြ မှုအပေါ် ကော်မရှင်ဥက္ကဋ္ဌ၊ ကော်မရှင်အဖွဲ့ဝင်များနှင့် အရာထမ်း/အမှုထမ်းများက လိုအပ်သည်များ အကြံပြု ဆွေးနွေးကြပြီးနောက် သိရှိလိုသည့် မေးခွန်းများကို မေးမြန်းခဲ့ကြပါသည်။ ဆွေးနွေးခြင်းအစီအစဉ်ကို ၁၄:၃၀ နာရီအချိန်တွင် ရုပ်သိမ်းခဲ့ပါသည်။



## မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်မှ ငှက်အော်စမ်းလူငယ်သင်တန်းကျောင်းအား ကြည့်ရှုစစ်ဆေးခြင်း



ဩဂုတ်လ ၁၈ ရက်

မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်မှ အဖွဲ့ဝင် ဦးကျော်စိုးနှင့် ဦးတင်အောင်တို့ ဦးဆောင်သော ကြည့်ရှုစစ်ဆေးရေးအဖွဲ့သည် ကော်မရှင်ဥပဒေပုဒ်မ ၄၃၊ ၄၄ တို့အရ ၁၈-၈-၂၀၂၃ ရက်နေ့တွင် ရန်ကုန်တိုင်းဒေသကြီး၊ ကော့မှူးမြို့နယ်ရှိ ငှက်အော်စမ်းလူငယ်သင်တန်းကျောင်းသို့ သွားရောက် ကြည့်ရှုစစ်ဆေးခဲ့ပါသည်။

ကြည့်ရှုစစ်ဆေးရေးအဖွဲ့သည် ကော်မရှင်ဥပဒေပြဋ္ဌာန်းချက်များ၊ ကော်မရှင်ဥပဒေဆိုင်ရာ လုပ်ထုံးလုပ်နည်းများနှင့်အညီ စစ်ဆေးခဲ့ရာတွင် လူငယ်သင်တန်းကျောင်းအတွင်းရှိ လက်ခံစောင့်ရှောက် သင်ကြားပေးလျက်ရှိသော လူငယ်များ၏ ကျန်းမာရေးစောင့်ရှောက်မှု အခြေအနေ၊ အစားအစာ ကျွေးမွေးမှု အခြေအနေ၊ အိပ်ဆောင်များထားရှိမှုအခြေအနေ၊ သန့်ရှင်းသော သောက်သုံးရေရရှိအောင် ဆောင်ရွက်ပေးနေမှု အခြေအနေများနှင့် ပညာသင်ကြားခွင့်၊ မိသားစုနှင့် ဆက်သွယ်ခွင့်၊ မိသားစုနှင့်ပြန်လည်ပေါင်းစည်းခွင့်၊ အသက်မွေးဝမ်းကျောင်းပညာသင်ကြားခွင့်၊ လူငယ်များအား စာရိတ္တပြုပြင်၍ စိတ်ပိုင်း၊ ရုပ်ပိုင်း ဖွံ့ဖြိုးတိုးတက်လာအောင် လေ့ကျင့်ပြုစုပျိုးထောင်ပေးနေမှု အခြေအနေများ၊ လွတ်လပ်စွာ ယုံကြည်ကိုးကွယ်ခွင့်စသည့် အခြေခံလူ့အခွင့်အရေးများ ရရှိအောင် ဆောင်ရွက်ပေးနေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးခဲ့ပါသည်။

ကော်မရှင်ကြည့်ရှုစစ်ဆေးရေးအဖွဲ့၏ ငှက်အော်စမ်းလူငယ်သင်တန်းကျောင်းအား ကြည့်ရှု စစ်ဆေးရေးခရီးစဉ်အတွင်း စစ်ဆေးတွေ့ရှိချက်နှင့် အကြံပြုချက်များကို လိုအပ်သလိုဆောင်ရွက် ပေးနိုင်ရေးအတွက် သက်ဆိုင်ရာသို့ ပေးပို့သွားမည် ဖြစ်ပါသည်။



---

## မန္တလေးတိုင်းဒေသကြီးအတွင်းရှိ အမျိုးသမီးသက်မွေးအတတ်ပညာသင်ကျောင်း၊ မန်းတောင်ခြေဘိုးဘွားရိပ်သာနှင့် အမျိုးသမီးများဖွံ့ဖြိုးတိုးတက်ရေးဌာနတို့ကို ကြည့်ရှုစစ်ဆေးခြင်း

ဩဂုတ်လ ၂၃ ရက်

မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်မှ အဖွဲ့ဝင် ဦးကျော်မြင့်နှင့် ဒေါက်တာသန်းမြင့် တို့ဦးဆောင်သော ကြည့်ရှုစစ်ဆေးရေးအဖွဲ့သည် ၂၂-၈-၂၀၂၃ ရက်နေ့တွင် မန္တလေးတိုင်းဒေသကြီး၊ အောင်မြေသာစံမြို့နယ်ရှိ အမျိုးသမီးသက်မွေးအတတ်ပညာသင်ကျောင်းနှင့် မန်းတောင်ခြေဘိုးဘွားရိပ်သာသို့လည်းကောင်း၊ ၂၃-၈-၂၀၂၃ ရက်နေ့တွင် မန္တလေးတိုင်းဒေသကြီး၊ ချမ်းအေးသာစံမြို့နယ်ရှိ အမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်ရေးဌာနသို့ လည်းကောင်း သွားရောက် ကြည့်ရှုစစ်ဆေးခဲ့ပါသည်။

ကြည့်ရှုစစ်ဆေးရေးအဖွဲ့သည် ကော်မရှင် ဥပဒေပြဋ္ဌာန်းချက်များ၊ ကော်မရှင်ဥပဒေဆိုင်ရာ လုပ်ထုံးလုပ်နည်း





များနှင့်အညီ သင်တန်းကျောင်းများအတွင်း လက်ခံစောင့်ရှောက် သင်ကြားပေးလျက်ရှိသော အမျိုးသမီးများ၏ ကျန်းမာရေးစောင့်ရှောက်မှု အခြေအနေ၊ အစားအစာကျွေးမွေးမှု အခြေအနေ၊ အိပ်ဆောင်များ ထားရှိမှု အခြေအနေ၊ နိုင်ငံသားစိစစ်ရေးကတ်ပြားရရှိမှု အခြေအနေ၊သန့်ရှင်းသောသောက်သုံးရေရရှိစေရန် ဆောင်ရွက်ပေးနေမှု အခြေအနေ၊ အကျင့်စာရိတ္တ ပြုပြင်ပေးခြင်းဖြင့် စိတ်ပိုင်းဆိုင်ရာ၊ ရုပ်ပိုင်းဆိုင်ရာ တိုးတက်ကောင်းမွန်လာစေရေး၊ လူမှုဘဝရပ်တည်လာစေရန် စိတ်ဓာတ်ခွန်အားများ ထည့်သွင်းပေါင်းစပ်၍ လေ့ကျင့်ပြုစုစောင့်ရှောက်ပေးခြင်းဖြင့် လူ့အသိုင်းအဝိုင်းတွင် တန်ဖိုးရှိသော အမျိုးသမီးကလေးများအဖြစ် ရပ်တည်နေထိုင်သွားနိုင်စေရေးနှင့် ပညာသင်ကြားခွင့်၊ အသက်မွေးဝမ်းကြောင်းပညာသင်ကြားခွင့်၊ မိသားစုနှင့်ဆက်သွယ်ခွင့်၊ မိသားစုနှင့် ပြန်လည်ပေါင်းစည်းခွင့်နှင့် လွတ်လပ်စွာယုံကြည်ကိုးကွယ်ခွင့် စသည့် အခြေခံ လူ့အခွင့်အရေးများ ရရှိစေရန် ဆောင်ရွက်ပေးမှု အခြေအနေတို့ကို ကြည့်ရှုစစ်ဆေးခဲ့ပါသည်။

ထို့နောက် ကြည့်ရှုစစ်ဆေးရေးအဖွဲ့သည် မန်းတောင်ခြေ ဘိုးဘွားရိပ်သာ၌ လက်ခံစောင့်ရှောက်ပေးလျက်ရှိသော ဘိုးဘွားများ၏ ကျန်းမာရေးစောင့်ရှောက်ပေးနေမှုအခြေအနေ၊ အစားအစာနှင့် အာဟာရဖြည့်ဆည်း ကျွေးမွေးမှု အခြေအနေ၊ သန့်ရှင်းသော သောက်သုံးရေရရှိစေရန် ဆောင်ရွက်ပေးနေမှု အခြေအနေ၊ လွတ်လပ်စွာယုံကြည်ကိုးကွယ်နိုင်မှု အခြေအနေ၊ ဘိုးဘွားအိပ်ဆောင်များနှင့် ဘိုးဘွားများအနားယူအပန်းဖြေရန် စီစဉ်ဆောင်ရွက်ပေးထားမှုတို့ကို ကြည့်ရှုစစ်ဆေး ခဲ့ပါသည်။

ကော်မရှင်ကြည့်ရှုစစ်ဆေးရေးအဖွဲ့၏အမျိုးသမီးသက်မွေး အတတ်ပညာသင်ကျောင်း၊ မန်းတောင်ခြေဘိုးဘွားရိပ်သာနှင့် အမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်ရေးဌာနတို့အား ကြည့်ရှုစစ်ဆေး ရေးခရီးစဉ်အတွင်း စစ်ဆေးတွေ့ရှိချက်နှင့် အကြံပြုချက်များကို သင့်လျော်သကဲ့သို့ ဆောင်ရွက် ပေးနိုင်ရေးအတွက် သက်ဆိုင်ရာသို့ ပေးပို့သွားမည်ဖြစ်ပါသည်။

---

## တပ်မတော် (ကြည်း) တိုက်ခိုက်ရေးကျောင်း (ဗထူး) တွင် လူ့အခွင့်အရေးဆိုင်ရာ သင်ခန်းစာပို့ချ

ဩဂုတ်လ ၂ ရက်

မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်သည် ကော်မရှင် ဥပဒေပုဒ်မ ၂၂ (က) ပါ ပြဋ္ဌာန်းချက်များနှင့်အညီ အများပြည်သူ၏ လူ့အခွင့်အရေး အသိပညာမြင့်မားလာစေရေးအတွက် သတင်းအချက်အလက်များ ဖြန့်ချိခြင်း၊ ပညာပေးခြင်းလုပ်ငန်းများကို နည်းလမ်းမျိုးစုံဖြင့် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည့်နည်းတူ ကမ္ဘာ့လူ့အခွင့်အရေး ကြေညာစာတမ်း (၇၅) နှစ်မြောက် အခါသမယတွင် လူ့အခွင့်အရေး မြှင့်တင်ပညာပေးရေးလုပ်ငန်းများကိုလည်း အရှိန်အဟုန်မြှင့်တင် ဆောင်ရွက်လျက်ရှိပါသည်။ မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေးကော်မရှင်မှ ကော်မရှင်အဖွဲ့ဝင် ဒေါက်တာသန်းမြင့်နှင့် ညွှန်ကြားရေးမှူး ဦးဇော်လွင်ထူးတို့သည် တပ်မတော် (ကြည်း) တိုက်ခိုက်ရေးကျောင်း (ဗထူး) တွင် ဖွင့်လှစ်လျက်ရှိသော ခြေလျင်တပ်ရင်းမှူးသင်တန်း အမှတ်စဉ် (၁၀၆)နှင့် ခြေလျင်တပ်ခွဲမှူးသင်တန်း အမှတ်စဉ် (၂၁၇)

တို့ကို ၂-၈-၂၀၂၃ ရက်နေ့ ၁၂:၀၀ နာရီအချိန်မှ ၁၅:၀၀ နာရီ အချိန်ထိ လူ့အခွင့်အရေးဆိုင်ရာ ဘာသာရပ်သင်ခန်းစာများကို Video Conferencing System ဖြင့် ပို့ချခဲ့ပါသည်။

အဆိုပါသင်တန်းတွင် ကော်မရှင်အဖွဲ့ဝင် ဒေါက်တာသန်းမြင့်က လူ့အခွင့်အရေး အခြေခံ အယူအဆများအကြောင်းကိုလည်းကောင်း၊ ညွှန်ကြားရေးမှူး ဦးဇော်လွင်ထူးက ကမ္ဘာ့လူ့အခွင့် အရေး ကြေညာစာတမ်း အကြောင်းနှင့် မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်ဖွဲ့စည်းခြင်းနှင့် လုပ်ငန်းဆောင်ရွက်ချက်များ အကြောင်းစသည့် ဘာသာရပ်သင်ခန်းစာများ အသီးသီး ပို့ချခဲ့ပါသည်။တပ်မတော်(ကြည်း)တိုက်ခိုက်ရေးကျောင်း (ဗထူး)၊ ခြေလျင်တပ်ရင်းမှူးသင်တန်း အမှတ်စဉ် (၁၀၆) ၌ သင်တန်းသားဦးရေ (၆၃) ဦးနှင့် ခြေလျင်တပ်ခွဲမှူး သင်တန်းအမှတ်စဉ် (၂၁၇) ၌ သင်တန်းသားဦးရေ (၁၁၅) ဦး စုစုပေါင်းသင်တန်းသားဦးရေ (၁၇၈) ဦး တက်ရောက်ခဲ့ကြပါသည်။




---

## တပ်မတော် (ကြည်း) တိုက်ခိုက်ရေးကျောင်း (ဘုရင့်နောင်) တွင် လူ့အခွင့်အရေးဆိုင်ရာ သင်ခန်းစာပို့ချ

ဩဂုတ်လ ၃ ရက်

မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်သည် ကော်မရှင်ဥပဒေ ပုဒ်မ ၂၂ (က) ပါ ပြဋ္ဌာန်းချက်များနှင့်အညီ အများပြည်သူ၏ လူ့အခွင့်အရေး အသိပညာ မြင့်မားလာစေရေးအတွက် သတင်းအချက်အလက်များ ဖြန့်ချိခြင်း၊ ပညာပေးခြင်းလုပ်ငန်းများကို နည်းလမ်းမျိုးစုံဖြင့် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည့်နည်းတူ ကမ္ဘာ့လူ့အခွင့်အရေး ကြေညာစာတမ်း (၇၅) နှစ်မြောက် အခါသမယတွင် လူ့အခွင့်အရေး မြှင့်တင်ပညာပေးရေး လုပ်ငန်းများကိုလည်း အရှိန်အဟုန်မြှင့်တင် ဆောင်ရွက်လျက်ရှိပါသည်။ မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်မှ ကော်မရှင်အဖွဲ့ဝင် ဒေါက်တာတင်မောင်မောင်သန်းနှင့် ဒုတိယညွှန်ကြားရေးမှူး ဒေါ်မိမိခိုင်တို့သည် တပ်မတော် (ကြည်း) တိုက်ခိုက်ရေးကျောင်း (ဘုရင့်နောင်) တွင် ဖွင့်လှစ်လျက်ရှိသော ခြေလျင်တပ်ခွဲမှူး သင်တန်းအမှတ်စဉ် (၈၇) နှင့် အမှတ်စဉ် (၈၈) တို့ကို ၃-၈-၂၀၂၃ ရက်နေ့ ၁၂:၀၀ နာရီအချိန်မှ ၁၅:၀၀ နာရီ အချိန်ထိ လူ့အခွင့်အရေးဆိုင်ရာဘာသာရပ် သင်ခန်းစာများကို Video Conferencing system ဖြင့် ပို့ချခဲ့ပါသည်။

အဆိုပါသင်တန်းတွင် ကော်မရှင်အဖွဲ့ဝင် ဒေါက်တာ တင်မောင်မောင်သန်းက လူ့အခွင့်အရေး အခြေခံအယူအဆများ အကြောင်းကိုလည်းကောင်း၊ ဒုတိယညွှန်ကြားရေးမှူး ဒေါ်မိမိခိုင်က ကမ္ဘာ့လူ့အခွင့်အရေး ကြေညာစာတမ်းအကြောင်း၊ မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်ဖွဲ့စည်းခြင်းနှင့် လုပ်ငန်းဆောင်ရွက်ချက်များအကြောင်း စသည့် ဘာသာရပ် သင်ခန်းစာများ အသီးသီးပို့ချခဲ့ပါသည်။ တပ်မတော် (ကြည်း) တိုက်ခိုက်ရေးကျောင်း (ဘုရင့်နောင်)၊ ခြေလျင် တပ်ခွဲမှူးသင်တန်း အမှတ်စဉ် (၈၇) နှင့် အမှတ်စဉ် (၈၈) ၌ စုစုပေါင်း သင်တန်းသားဦးရေ (၂၄၂) ဦး တက်ရောက်ခဲ့ကြပါသည်။



## မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်နှင့် အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီကော်မတီ (ICRC) တို့ တွေ့ဆုံဆွေးနွေးခြင်း



သြဂုတ်လ ၉ ရက်

အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီကော်မတီ (International Committee of the Red Cross – ICRC) မှ Protection Coordinator ဖြစ်သူ Ms.Loanna Voudouri ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်မှ၊ ကော်မရှင် အဖွဲ့ဝင် ဒေါက်တာတင်မောင်မောင်သန်းက ၂၀၂၃ ခုနှစ်၊ သြဂုတ်လ ၉ ရက်နေ့ မနက်ပိုင်းတွင် မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်ရုံး၊ အစည်းအဝေး ခန်းမ၌ လက်ခံတွေ့ဆုံခဲ့ပါသည်။

တွေ့ဆုံရာတွင် ကော်မရှင်၏ လူ့အခွင့်အရေး မြှင့်တင်ပညာပေးရေးနှင့် လူ့အခွင့်အရေး ကာကွယ် စောင့်ရှောက်ရေး လုပ်ငန်းများ ဆောင်ရွက်နေမှုနှင့် ကော်မရှင်၏ အကျဉ်းထောင်၊ အကျဉ်းစခန်း၊ အချုပ်ခန်း များသို့ ကြည့်ရှုစစ်ဆေးဆောင်ရွက်နေမှု အခြေအနေများ ကို ဆွေးနွေး ပြောကြားခဲ့ကြပါသည်။

---

## ကော်မရှင်ရုံးဝန်ထမ်းရေးရာ အကြံပေးအဖွဲ့ အစည်းအဝေးကျင်းပခြင်း

သြဂုတ်လ ၂ ရက်

မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင် ရုံး၊ ကော်မရှင်ရုံး အကြီးအမှူး ညွှန်ကြားရေးမှူးချုပ် ဦးဘုန်းကြွယ်ဦးဆောင်၍ ဒုတိယညွှန်ကြားရေးမှူးချုပ်၊ ဌာနတာဝန်ခံများပါဝင်သော ဝန်ထမ်းရေးရာအကြံပေး အစည်းအဝေးကို ၂-၈-၂၀၂၃ ရက်နေ့၊ ၁၃:၀၀ နာရီအချိန် ကော်မရှင်ရုံး စုံစမ်းစစ်ဆေးရေးအဖွဲ့ အစည်းအဝေးခန်းမ တွင် ကျင်းပဆောင်ရွက်ခဲ့ပါသည်။

ဦးစွာ ကော်မရှင်ရုံးအကြီးအမှူး ညွှန်ကြားရေးမှူး ချုပ်က အဖွင့်အမှာစကားပြောကြားပါသည်။ တက်ရောက် လာကြသည့် ဝန်ထမ်းရေးရာအကြံပေးအဖွဲ့မှ လစ်လပ် လျက်ရှိသည့် ဒုတိယလူ့အခွင့်အရေးဦးစီးမှူး ရာထူးနေရာ များအား ဌာနတွင်းမှလည်းကောင်း၊ ပြင်ပမှ ဦးစီးအရာရှိ များနှင့် အငယ်တန်း/စာရေးများအား ပြင်ပမှ လည်းကောင်း ခေါ်ယူနိုင်ရေး၊ ၂၀၂၃ခုနှစ်၊ အခြေခံရုံး လုပ်ငန်းသင်တန်း ပထမအကြိမ်နှင့် ဒုတိယအကြိမ် (၂) သုတ်ခွဲ၍ ဖွင့်လှစ်ဆောင်ရွက်မည့် အခြေအနေများနှင့် သင်ကြားမည့်ဘာသာရပ်များအား ခွဲဝေတာဝန်ပေးအပ် ခြင်းများကို ညှိနှိုင်းဆွေးနွေးခဲ့ပါသည်။

ထို့နောက် ကော်မရှင်ရုံး ညွှန်ကြားရေးမှူးချုပ်က နိဂုံးချုပ်အမှာစကားပြောကြားခဲ့ပြီး အစည်းအဝေးအား ၁၄:၃၀ နာရီတွင် ရုပ်သိမ်းခဲ့ပါသည်။

## အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန၊ စုံစမ်းစစ်ဆေးမှု အတတ်ပညာသင်ကျောင်း (တောင်ငူ) ၌ လူ့အခွင့်အရေးဆိုင်ရာ သင်ခန်းစာ သွားရောက်ပို့ချ

သြဂုတ်လ ၁၀ ရက်

မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်သည် ကော်မရှင်ဥပဒေပုဒ်မ ၂၂ (က) ပါ ပြဋ္ဌာန်းချက်များနှင့်အညီ အများပြည်သူ၏ လူ့အခွင့်အရေးအသိပညာ မြင့်မားလာစေရေးအတွက် သတင်းအချက်အလက်များ ဖြန့်ချိခြင်း၊ ပညာပေးခြင်းလုပ်ငန်းများကို နည်းလမ်းမျိုးစုံဖြင့် အရှိန်အဟုန် မြှင့်တင်ဆောင်ရွက်လျက်ရှိသည့် နည်းတူ ကမ္ဘာ့လူ့အခွင့်အရေးကြေညာစာတမ်း (၇၅) နှစ်မြောက် အခါသမယတွင် လူ့အခွင့်အရေး မြှင့်တင်ပညာပေးရေးလုပ်ငန်းများကိုလည်း အရှိန်အဟုန်မြှင့်တင် ဆောင်ရွက်လျက်ရှိပါသည်။ မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်ရုံး၊ ညွှန်ကြားရေးမှူးချုပ် ဦးဘုန်းကြွယ်သည် အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန၊ စုံစမ်းစစ်ဆေးမှုအတတ်ပညာသင်ကျောင်း (တောင်ငူ) ၌ ဖွင့်လှစ်လျက်ရှိသော စုံစမ်းရေးမှူး လုပ်ငန်းစွမ်းဆောင်ရည် မြင့်မားရေးသင်တန်း အမှတ်စဉ် (၅) ၌ ၁၀-၈-၂၀၂၃ ရက်နေ့တွင် ၁၃:၀၀ နာရီမှ ၁၅:၅၀ နာရီထိ လူ့အခွင့်အရေး စံတန်ဖိုးများ သင်ခန်းစာဘာသာရပ်ကို ပို့ချခဲ့ပါသည်။

သင်တန်းတွင် စုစုပေါင်းသင်တန်းသားဦးရေ (၁၉) ဦး တက်ရောက်ခဲ့ကြပြီး သင်တန်းသားများမှ သိရှိလိုသည့် မေးခွန်းများကို မေးမြန်းကြရာ ညွှန်ကြားရေးမှူးချုပ် ဦးဘုန်းကြွယ်က ပြန်လည်ဖြေကြားခဲ့ပါသည်။

---

## မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲအရာရှိအတတ်သင်ကျောင်း (မန္တလေး) ၌ လူ့အခွင့်အရေးဆိုင်ရာ သင်ခန်းစာ သွားရောက်ပို့ချ



သြဂုတ်လ ၂၃ ရက်

မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်သည် ကော်မရှင်ပုဒ်မ ၂၂ (က) ပါ ပြဋ္ဌာန်းချက်များနှင့်အညီ အများပြည်သူ၏ လူ့အခွင့်အရေးအသိပညာ မြင့်မားလာစေရေးအတွက် သတင်းအချက်အလက်များ ဖြန့်ချိခြင်း၊ ပညာပေးခြင်းလုပ်ငန်းများကို နည်းလမ်းမျိုးစုံဖြင့် အရှိန်အဟုန် မြှင့်တင်ဆောင်ရွက်လျက်ရှိသည့်နည်းတူ ကမ္ဘာ့လူ့အခွင့်အရေးကြေညာစာတမ်း (၇၅) နှစ်မြောက် အခါသမယတွင် လူ့အခွင့်အရေး မြှင့်တင်ပညာပေးရေး လုပ်ငန်းများကိုလည်း အရှိန်အဟုန်မြှင့်တင် ဆောင်ရွက်လျက်ရှိပါသည်။ မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်ရုံး၊ ညွှန်ကြားရေးမှူးချုပ် ဦးဘုန်းကြွယ်သည် မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ ရဲအရာရှိ အတတ်သင်ကျောင်း (မန္တလေး) တွင် ဖွင့်လှစ်လျက်ရှိသော အမှုစစ်(အရာရှိ) သင်တန်းအမှတ်စဉ် (၇၇/၂၀၂၃) ၌ ၂၃-၈-၂၀၂၃ ရက်နေ့ နံနက် ၀၇:၃၀ နာရီမှ ၀၉:၅၀ နာရီအချိန်အထိ လူ့အခွင့်အရေးဆိုင်ရာ သင်ခန်းစာများ သွားရောက်ပို့ချခဲ့ပါသည်။

အဆိုပါသင်တန်းတွင် လူ့အခွင့်အရေးအခြေခံ အယူအဆများ၊ မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်ဖွဲ့စည်းခြင်းနှင့် လုပ်ငန်းဆောင်ရွက်ချက်များ၊ လူ့အခွင့်အရေး မြှင့်တင်ရေးနှင့် ကာကွယ်စောင့်ရှောက်ရေးအကြောင်း သိကောင်းစရာ စသည့် ဘာသာရပ် သင်ခန်းစာများ ပို့ချခဲ့ပါသည်။ သင်တန်းတွင် စုစုပေါင်း သင်တန်းသားဦးရေ (၂၅၈) ဦး တက်ရောက်ခဲ့ကြပြီး သင်တန်းသားများမှ သိရှိလိုသည့် မေးခွန်းများကို မေးမြန်းကြရာ ညွှန်ကြားရေးမှူးချုပ် ဦးဘုန်းကြွယ်က ပြန်လည် ဖြေကြားခဲ့ပါသည်။

## အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်တွင် လူ့အခွင့်အရေးဆိုင်ရာ သင်ခန်းစာ သွားရောက်ပို့ချ



ဩဂုတ်လ ၂၅ ရက်

မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်သည် ကော်မရှင် ဥပဒေပုဒ်မ ၂၂ (က) ပါ ပြဋ္ဌာန်းချက်များနှင့်အညီ အများပြည်သူ၏ လူ့အခွင့်အရေး အသိပညာ မြင့်မားလာစေရေးအတွက် သတင်းအချက်အလက်များ ဖြန့်ချိခြင်း၊ ပညာပေးခြင်းလုပ်ငန်းများကို နည်းလမ်းမျိုးစုံဖြင့် အရှိန်အဟုန်မြှင့်တင် ဆောင်ရွက်လျက်ရှိသည့်နည်းတူ ကမ္ဘာ့လူ့အခွင့်အရေးကြေညာစာတမ်း (၇၅) နှစ်မြောက် အခါသမယတွင် လူ့အခွင့်အရေး မြှင့်တင်ပညာပေးရေး လုပ်ငန်းများကိုလည်း အရှိန်အဟုန်မြှင့်တင် ဆောင်ရွက်လျက်ရှိပါသည်။ မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်ရုံး၊ ညွှန်ကြားရေးမှူးချုပ် ဦးဘုန်းကြွယ်နှင့် ညွှန်ကြားရေးမှူး ဦးဇော်လွင်ထူးတို့သည် အဂတိလိုက်စားမှု တိုက်ဖျက်ရေး ကော်မရှင်ရုံး၌ ဖွင့်လှစ်လျက်ရှိသော "စုံစမ်းစစ်ဆေးရေးဆိုင်ရာ အမှုစစ်သင်တန်း (၁/၂၀၂၃)" သို့ ၂၅-၈-၂၀၂၃ ရက်နေ့၊ ၁၃:၁၀ နာရီမှ ၁၆:၂၀ နာရီအချိန်ထိ လူ့အခွင့်အရေးဆိုင်ရာ သင်ခန်းစာများ သွားရောက်ပို့ချခဲ့ပါသည်။

အဆိုပါသင်တန်းတွင် ညွှန်ကြားရေးမှူးချုပ် ဦးဘုန်းကြွယ်က မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင် ဖွဲ့စည်းခြင်းနှင့် လုပ်ငန်းဆောင်ရွက်ချက်များ အကြောင်းနှင့် ကမ္ဘာ့လူ့အခွင့်အရေး ကြေညာစာတမ်း အကြောင်းတို့ကို လည်းကောင်း၊ ညွှန်ကြားရေးမှူး ဦးဇော်လွင်ထူးက လူ့အခွင့်အရေး အခြေခံအယူအဆများ အကြောင်းကို လည်းကောင်း စသည့်ဘာသာရပ် သင်ခန်းစာများ အသီးသီးပို့ချခဲ့ပါသည်။ သင်တန်းတွင် စုစုပေါင်း သင်တန်းသားဦးရေ (၃၁) ဦး တက်ရောက်ခဲ့ကြပြီး သင်တန်းသားများမှ သိရှိလိုသည့် မေးခွန်းများကို မေးမြန်းကြရာ ကော်မရှင်ရုံး၊ ညွှန်ကြားရေးမှူးချုပ် ဦးဘုန်းကြွယ်နှင့် ညွှန်ကြားရေးမှူး ဦးဇော်လွင်ထူးတို့က ပြန်လည်ဖြေကြားခဲ့ပါသည်။



---

## နိုင်ငံ့ဝန်ထမ်းတက္ကသိုလ် (အောက်မြန်မာပြည်) ၌ ဖွင့်လှစ်လျက်ရှိသော သင်တန်းတွင် လူ့အခွင့်အရေးဆိုင်ရာသင်ခန်းစာ သွားရောက်ပို့ချ

ဩဂုတ်လ ၂၂ ရက်

မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်၏ ကော်မရှင်ဥပဒေပုဒ်မ ၂၂ (က) ပါ ပြဋ္ဌာန်းချက်များနှင့် အညီ အများပြည်သူ၏ လူ့အခွင့်အရေးအသိပညာ မြင့်မားလာစေရေးအတွက် သတင်းအချက်အလက်များ ဖြန့်ချိခြင်း၊ ပညာပေးခြင်းလုပ်ငန်းများကို နည်းလမ်းမျိုးစုံဖြင့် အရှိန်အဟုန် မြှင့်တင်ဆောင်ရွက်လျက်ရှိသည့်နည်းတူ ကမ္ဘာ့လူ့အခွင့်အရေး ကြေညာစာတမ်း (၇၅) နှစ်မြောက် အခါသမယတွင် လူ့အခွင့်အရေး မြှင့်တင်ပညာပေးရေး လုပ်ငန်းများကိုလည်း အရှိန်အဟုန်မြှင့်တင် ဆောင်ရွက်လျက်ရှိပါသည်။ မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်ရုံးမှ

ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာခိုင်ခိုင်ဝင်းသည် နိုင်ငံ့ဝန်ထမ်းတက္ကသိုလ် (အောက်မြန်မာပြည်) တွင် ဖွင့်လှစ်လျက်ရှိသော အခြေခံပညာဆရာ၊ ဆရာမများ အထူးမွမ်းမံသင်တန်းအမှတ်စဉ် (၁၀၂) သို့ ၂၂-၈-၂၀၂၃ ရက်နေ့၊ ၀၈:၀၀ နာရီအချိန်မှ ၁၁:၅၀ နာရီအချိန်ထိ ကလေးသူငယ် အခွင့်အရေးဆိုင်ရာ ဘာသာရပ် သင်ခန်းစာ သွားရောက်ပို့ချခဲ့ပါသည်။

အဆိုပါသင်တန်းတွင် စုစုပေါင်း သင်တန်းသား ဆရာ၊ ဆရာမ ဦးရေ (၄၈၃) ဦး တက်ရောက်ခဲ့ကြပြီး တက်ရောက်လာသော သင်တန်းသားများမှ သိရှိလိုသည့် မေးခွန်းများကို မေးမြန်းကြရာ ဒုတိယညွှန်ကြားရေး မှူးချုပ် ဒေါက်တာခိုင်ခိုင်ဝင်းက ပြန်လည်ဖြေကြားခဲ့ပါသည်။





## အမျိုးသမီးများအား နည်းမျိုးစုံဖြင့် ခွဲခြားမှု ပပျောက်ရေးဆိုင်ရာ ကုလသမဂ္ဂကွန်ဗင်းရှင်း (CEDAW) ၏ ဆဋ္ဌမအကြိမ်မြောက် အစီရင်ခံစာရေးသားရေးဆိုင်ရာ ညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်ဆွေးနွေးခြင်း

ဩဂုတ်လ ၁၄ ရက်

အမျိုးသမီးများအား နည်းမျိုးစုံဖြင့် ခွဲခြားမှု ပပျောက်ရေးဆိုင်ရာ ကုလသမဂ္ဂ ကွန်ဗင်းရှင်း (CEDAW) ဆဋ္ဌမအကြိမ်မြောက် အစီရင်ခံစာရေးသားရေးအဖွဲ့တွင် မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်မှ ကိုယ်စားလှယ်အဖြစ် ဥပဒေရေးရာဌာနမှ ညွှန်ကြားရေး မှူးက ပါဝင်ဆောင်ရွက်လျက်ရှိပြီး ၁၄-၈-၂၀၂၃ ရက်နေ့ တွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာ ချထားရေးဝန်ကြီးဌာန၊ နေပြည်တော်၌ ကျင်းပပြုလုပ် ခဲ့သည့် "အမျိုးသမီးများအား နည်းမျိုးစုံဖြင့် ခွဲခြားမှု ပပျောက်ရေးဆိုင်ရာ ကုလသမဂ္ဂကွန်ဗင်းရှင်း (CEDAW) ၏ ဆဋ္ဌမအကြိမ်မြောက် အစီရင်ခံစာ ရေးသားရေးဆိုင်ရာ ညှိနှိုင်းအစည်းအဝေး"သို့တက်ရောက်ဆွေးနွေးခဲ့ပါသည်။

"To deny people their rights is to challenge their very humanity."

"လူသားတို့၏ ရရှိခံစားပိုင်ခွင့်ရှိသော အခွင့်အရေးများကို ငြင်းပယ်ခြင်းသည် ၎င်းတို့၏ လူသားဖြစ်တည်မှုအပေါ် စိန်ခေါ်ရာရောက်ပေသည်။"

Nelson Mandela, South African civil rights activist

## မြန်မာနိုင်ငံအမျိုးသား လူ့အခွင့်အရေးကော်မရှင်ရုံး ဦးစီးယာဉ်များ၊ အုပ်ချုပ်မှုယာဉ်များနှင့် ဝန်ထမ်းကြို/ပို့ယာဉ်များ မော်တော်ယာဉ်ကြံ့ခိုင်ရေးစစ်ဆေးခြင်း



ဩဂုတ်လ ၃၁ ရက်

မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်ရုံးမှ ယာယီဌာနတာဝန်ခံ ဒုတိယညွှန်ကြားရေးမှူးဦးရဲနောင်လွင် ဦးဆောင်၍ အဖွဲ့ဝင် (၅) ဦးပါဝင်သော မော်တော်ယာဉ်ကြံ့ခိုင်မှု စစ်ဆေးရေးအဖွဲ့သည် ၂၀၂၃ ခုနှစ်၊ ဩဂုတ်လ ၃၁ ရက်နေ့တွင် ကော်မရှင်ရုံး ညွှန်ကြားရေးမှူးချုပ်မှ ညွှန်ကြားရေးမှူး အဆင့်အထိ ဦးစီးယာဉ်များကိုလည်းကောင်း၊ ၂၀၂၃ ခုနှစ်၊ စက်တင်ဘာလ ၁ ရက်နေ့တွင် ဒုတိယညွှန်ကြားရေးမှူးများ၏ ဦးစီးယာဉ်များနှင့် အုပ်ချုပ်မှုယာဉ်များ၏ မော်တော်ယာဉ်ကြံ့ခိုင်မှုအခြေအနေတို့ကို ယာဉ်တစ်စီးချင်းအလိုက် အသေးစိတ် စစ်ဆေးခဲ့ပါသည်။

မော်တော်ယာဉ်ကြံ့ခိုင်ရေးစစ်ဆေးမှုများအား ၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ်အတွင်း ပထမအကြိမ် စစ်ဆေးဆောင်ရွက်ခဲ့ပါသည်။



## တိုင်တန်းချက်များ စိစစ်ဆောင်ရွက်ခြင်း

လူ့အခွင့်အရေး ကာကွယ်စောင့်ရှောက်ရေးဌာနသည် ၂၀၂၃ ခုနှစ်၊ ဇူလိုင်လအတွင်း တိုင်တန်း ချက် ( ၂၅) စောင်၊ မေလ လက်ကျန် (၅) စောင်၊ စုစုပေါင်း (၃၀) စောင် စိစစ်ဆောင်ရွက်ခဲ့ပါသည်။ တိုင်တန်းချက်များကို ကော်မရှင်စုံစမ်းစစ်ဆေးရေးအဖွဲ့ အစည်းအဝေး (၃) ကြိမ် ကျင်းပပြုလုပ်၍ စိစစ်ခဲ့ရာ တိုင်တန်းချက် (၃) စောင်ကို လိုအပ်သလို စိစစ်ဆောင်ရွက်ပေးနိုင်ရေးအတွက် သက်ဆိုင်ရာ ဌာနများသို့လည်းကောင်း ၊ တိုင်တန်းချက် (၂) စောင်ကို ကာယကံရှင်ထံသို့လည်းကောင်း အကြံပြု ပြန်ကြားခဲ့ပြီး တိုင်တန်းချက် (၂၀) စောင်ကို ကော်မရှင် ဥပဒေပုဒ်မ ၃၂ (ခ) အရ လည်းကောင်း၊ ကော်မရှင် ဥပဒေပုဒ်မ ၃၂ (ဂ) အရလည်းကောင်း၊ ကော်မရှင်ဥပဒေပုဒ်မ ၃၇ (က) အရလည်းကောင်း၊ တိုင်စာအင်္ဂါရပ်နှင့်မညီ၍လည်းကောင်း မှတ်တမ်းထားရှိခဲ့ပါသည်။ ဇူလိုင်လတွင် တိုင်တန်းချက် လက်ကျန် ၅ စောင် ရှိပါသည်။

## နိုင်ငံ့အနာဂတ်ဖော်ဆောင်ဖို့ ကလေးသူငယ်အခွင့်အရေး မြှင့်တင်စို့

ကလေးသူငယ်များသည် အနာဂတ်နိုင်ငံတော်၏ မျိုးဆက်သစ်များဖြစ်ကြပါသည်။ နိုင်ငံတစ်နိုင်ငံ၏ ပစ္စုပ္ပန်အကျိုးသည် လူကြီးများလက်ထဲတွင်ရှိပြီး အနာဂတ်အကျိုးသည်ကား ကလေးသူငယ်များ၏ လက်တွင်ရှိသည်သာဖြစ်သည်။ လူ့အဖွဲ့အစည်း၏ အနာဂတ်ကလေးသူငယ်များသည် လက်ရှိတွင် ပုံစံအမျိုးမျိုးဖြင့် ရှိနေကြပါသည်။ မိဘ၏ထောက်ပံ့မှုဖြင့် ဘဝကို သက်တောင့်သက်သာ ပညာသင်ယူနေသော ကလေးငယ်များစွာ ရှိနေသကဲ့သို့ ကားဂိတ်များ၊ ရထားဘူတာ ရုံများ၊ ဈေးများ၊ ဘုရားစေတီများအနီး လမ်းဘေးပလက်ဖောင်းများနှင့် လူစည်ကားရာနေရာများအပြင် အခြားနေရာ အသီးသီးတွင် ပုံသဏ္ဍာန်အမျိုးမျိုးဖြင့် ကျင်လည်နေသည့် ကလေးငယ်များကိုလည်းတွေ့နေရသည်။ ထို့အပြင် နိုင်ငံရေးပဋိပက္ခကြားတွင် အနာဂတ်မဲ့နေသည့် ကလေးသူငယ်များစွာလည်း ရှိနေပါသေးသည်။ လောင်းရိပ်မိပန်းများ၊ နေလောင်ပန်းများ၊ အနာဂတ်မဲ့ကလေးများ၊ လမ်းပျောက်နေသော ကလေးများ များလာလျှင် အနာဂတ်နိုင်ငံတော်အတွက် ရင်လေးဖွယ်ရာ ပင်ဖြစ်ပါသည်။

**“နိုင်ငံ့အနာဂတ်ဖော်ဆောင်ဖို့ ကလေးသူငယ်အခွင့်အရေး မြှင့်တင်စို့”**

**“Promotion the Child Rights is Shaping the Nation’s Future”**

ကလေးသူငယ်များ၏ အခွင့်အရေး (၄) မျိုးဖြစ်သည့် အသက်ရှင်သန်ခွင့်၊ ဖွံ့ဖြိုးတိုးတက်ခွင့်၊ ကာကွယ်စောင့်ရှောက်ခံပိုင်ခွင့်နှင့် ပါဝင်ဆောင်ရွက်ခွင့်များကို နိုင်ငံအနေဖြင့် ကလေးသူငယ်များ ဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ပေးသကဲ့သို့ အခွင့်အရေးများ အပြည့်အဝရရှိအောင် ကာကွယ်စောင့်ရှောက်ပေးရမည်ဖြစ်ပါသည်။ ကလေးသူငယ်များကို ပြုစုစောင့်ရှောက်ခြင်းသည် အနာဂတ် နိုင်ငံကို ပုံဖော်ခြင်းဖြစ်ပါသည်။ သို့မှသာ ကျန်းမာသန်စွမ်းပြီး အရည်အချင်းပြည့်ဝသည့် လူတော်လူကောင်းများဖြင့် တည်ဆောက်ထားသည့် အနာဂတ်နိုင်ငံတော်ကြီးဖြစ်မာ မလွဲဧကန်ပင်ဖြစ်ပါသည်။

ထို့ကြောင့် ၂၀၂၂ ခုနှစ်၊ နိုဝင်ဘာလ ၂၀ ရက်နေ့တွင် ကျရောက်မည့် World Children’s Day ကမ္ဘာ့ကလေးသူငယ်များနေ့ အထိမ်းအမှတ် Slogan ကို ရေးသားလိုက်ရပါသည်။

မေနှင်းသူ

**ကလေးသူငယ်အခွင့်အရေးများဆိုင်ရာသဘောတူစာချုပ်နေ့အား ဂုဏ်ပြုသည့်အနေဖြင့် ရေးသားခဲ့သည့် ဒုတိယဆုရဆောင်ပုဒ်ဖြစ်ပါသည်။**

---

### ကမ္ဘာ့လူ့အခွင့်အရေးကြေညာစာတမ်း

**အပိုဒ် ၆**

လူတိုင်းသည် ဥပဒေအရာ၌ လူပုဂ္ဂိုလ်တစ်ဦးအဖြစ်ဖြင့် နေရာတိုင်းတွင် အသိအမှတ်ပြုခြင်းကို ခံယူပိုင်ခွင့် ရှိသည်။



# ENGLISH SECTION

## MNHRC Gives Lecture at National Defence College




August 10

Myanmar National Human Rights Commission is encouraging to promote public awareness of human rights through the provision of information and education by all means as much as possible under Section 22 (a) of the Myanmar National Human Rights Commission Law and is also gearing itself up for more activities of human rights promotion and education on the 75th anniversary of Universal Declaration of Human Rights.

U Paw Lwin Sein, the Chairman of MNHRC, gave lectures on human rights at Training Course No. (22) held at the National Defence College on 10 August 2023 from 8:00 am to 11:50 am. In doing so, Chairman U Paw Lwin Sein delivered the lectures on Human Rights Concept, Universal Declaration of Human Rights (UDHR), International Human Rights Mechanism and Conventions, Paris Principles, Establishment of National Human Rights Institutions (NHRIs) and MNHRC. Afterwards the lecturer answered the questions asked by the trainees. A total of 95 Senior Officers from Defence and Civil Services attended the above-mentioned course.

## Field Visit to Hnget Aw San School For Boys by MNHRC



August 18

The inspection team, led by Commissioners U Kyaw Soe and U Tin Aung from the Myanmar National Human Rights Commission, inspected the Hnget Aw San Boy's Training School in Kawhmu Township, Yangon Region, on 18 August 2023 according to Section 43 and Section 44 of MNHRC's Law.

The inspection team inspected in accordance with the MNHRC's Law and procedures whether the young boys who are detained in the centre can get the fundamental rights including healthcare services, food supply, adequate dormitories, provision of purified drinking water, right to education, right to reintegration, right to learn vocational trainings, support programme for physical and mental development and right to freedom of religion.

MNHRC will send recommendations to the relevant department for necessary action based on the findings during inspection.



## Field Visits to Women Development Centre, Vocational Training Centre for Women and Home For Aged in Mandalay Region by MNHRC



August 23

The inspection team, led by Commissioners U Kyaw Myint and Dr. Than Myint from the Myanmar National Human Rights Commission, inspected the Vocational Training Centre for Women and Mann Taung Chay Home For the Aged in Aung Myay Thar San Township Mandalay Region on 22 August 2023 and Women Development Centre in Chan Aye Thar San Township, Mandalay Region on 23 August 2023.

The inspection team inspected the Women Development Centre and Vocational Training Centre for Women in accordance with the MNHRC's Law and procedures whether the women who are detained in the centres could get the fundamental rights including healthcare services, food supply,

adequate dormitories, availability status of National Registration Card, provision of purified drinking water, support programme for physical and mental development, right to education, right to learn vocational trainings, right to communicate with their families, right to reintegration, and right to freedom of religion.



Thereafter, the inspection team inspected the Mann Taung Chay Home For the Aged to examine whether the old aged persons could get the fundamental rights including healthcare services, food supply, provision of purified drinking water, right to freedom of religion, adequate dormitories and arrangements for leisure.

MNHRC will send recommendations to the relevant department for necessary action based on the findings during inspection visits to Vocational Training Centre for Women, Mann Taung Chay Home For Aged and Women Development Centre.

---


## MNHRC Gives Human Rights Lecture at Myanmar Army Combat Force School (Bahtoo)



August 2

As part of the Commission's promotion of human rights awareness raising under Section 22 (a) of the Myanmar National Human Rights Commission Law, Dr.Than Myint, the Commissioner and U Zaw Lwin Htoo, the Director of the commission office, simultaneously gave lectures on human rights at the Battalion Commander Training Course No.(106) and the Company Commander Training Course No.(217) held at Myanmar Army Combat Force School (Bahtoo) on 2 August 2023 from 12:00 pm to 15:00 pm. In doing so, Commissioner Dr. Than Myint delivered the lecture on Human Rights Concept and Director U Zaw Lwin Htoo gave the lectures on Universal Declaration of Human Rights and the Organization and Functions of Myanmar National Human Rights Commission. A total of 178 army officers attended the above-mentioned courses; 63 army officers on the Battalion Commander Training Course on No. (106) and 115 army officers on the Company Commander Training Course on No. (217) Bahtoo.

## MNHRC Gives Human Rights Lecture at Myanmar Army Combat Force School Bayintnaung



August 3

As part of the Commission's promotion of human rights awareness raising under Section 22 (a) of the Myanmar National Human Rights Commission Law, Dr. Tin Maung Maung Than, the commissioner and Daw Mi Mi Khaing, the Deputy–Director of the commission office, simultaneously gave lectures on human rights at the Company Commander Training Courses No. (87) and No. (88) held at Myanmar Army Combat Force School (Bayintnaung) on 3 August 2023 from 12:00 pm to 15:00 pm. In doing so, Commissioner Dr. Tin Maung Maung Than delivered the lecture on Human Rights Concept and Daw Mi Mi Khaing, the Deputy–Director of the commission office gave the lectures on Universal Declaration of Human Rights and the Organization and Functions of Myanmar National Human Rights Commission. A total of 242 army officers attended the above–mentioned courses; on the Company Commander Training Courses on No. (87) and No. (88) Bayintnaung.

---

## MNHRC receives Protection Coordinator of ICRC



August 9

Dr Tin Maung Maung Than, Commissioner of the Myanmar National Human Rights Commission (MNHRC) received a delegation led by Ms. Loanna Voudouri, Protection Coordinator of the International Committee of the Red Cross (ICRC) at the Myanmar National Human Rights Commission in the morning of 9 August 2023.

During the meeting, they discussed matters relating to the activities of human rights promotion and protection undertaken by the MNHRC and Commission's inspection visits to prisons, detention centres and lock–ups.

## MNHRC Gives Human Rights Lecture at Investigation Training School (Taungoo) of Bureau of Special Investigation

August 10

As part of the Commission's promotion of human rights awareness raising under Section 22 (a) of the Myanmar National Human Rights Commission Law, U Phone Kywe, Director General, gave lectures on human rights at Capacity Building Course for Investigator (No.5) held at Investigation Training School (Taungoo) of Bureau of Special Investigation on 10 August 2023 from 13:00 pm to 15:50 pm. In doing so, Director General U Phone Kywe delivered the lecture on Human Rights Norms. Afterwards the lecturer answered the questions asked by trainees. A total of 19 staff officers attended the above-mentioned course.

---

## MNHRC Gives Human Rights Lecture at Police Officer Training School (Mandalay)

August 23

As part of the Commission's promotion of human rights awareness raising under Section 22 (a) of the Myanmar National Human Rights Commission Law, Director General U Phone Kywe, gave lectures on human rights at the Investigation Officer Course (No.77/2023) held at the Police Officer Training School (Mandalay) on 23 August 2023 from 7:30 am to 9:50 am. In doing so, Director General U Phone Kywe delivered the lectures on Human Rights Concept, the Organization and Functions of Myanmar National Human Rights Commission and related issues to Promotion and Protection of Human Rights. Afterwards the lecturer answered the questions asked by the trainees. A total of 258 police officers attended the above-mentioned course.



---

## MNHRC Gives Human Rights Lecture at Anti-Corruption Commission

August 25

As part of the Commission's promotion of human rights awareness raising under Section 22 (a) of the Myanmar National Human Rights Commission Law, Director General U Phone Kywe and Director U Zaw Lwin Htoo gave lectures on human rights at the Investigation Officer Course (1/2023) held at the Anti-Corruption Commission office on 25 August 2023 from 1:10 pm to 4:20 pm. In doing so, Director General U Phone Kywe delivered the lectures on the Organization and Functions of Myanmar National Human Rights

Commission, Universal Declaration of Human Rights and Director U Zaw Lwin Htoo also delivered the lecture on Human Rights Concept. Afterwards the lecturers answered the questions asked by the trainees. A total of 31 officers attended the above-mentioned course.





## MNHRC Gives Human Rights Lecture at Civil Service Academy (Lower Myanmar)

August 22

As part of the Commission's promotion of human rights awareness raising under Section 22 (a) of the Myanmar National Human Rights Commission Law, Deputy Director General Dr Khine Khine Win gave lectures on Child Rights at the Special Refresher Course for Basic Education Teachers No. (102) held at the Civil Service Academy (Lower Myanmar) on 22 August 2023 from 8:00 am to 11:50 am. Afterwards the lecturer answered the questions asked by the trainees. A total of 483 teachers from the Department of Basic Education (DBE) attended.





# Attending the Coordinating Meeting of the Convention on the Elimination of All Forms of Discrimination Against Women (CEDAW) Sixth Report Writing Group

August 14

A Director of the Legal Affairs Division participated as a representative of the Myanmar National Human Rights Commission in the 6th CEDAW Report Writing Group. A Director attended and discussed "The Coordinating Meeting of the 6th CEDAW Report Writing Group" at the Ministry of Social Welfare, Relief and Resettlement, Nay Pyi Taw on 14 August 2023.

# ဆက်သွယ်ရန် လိပ်စာများ




အမှတ် (၂၇)၊ ၆ မိုင်ခွဲ၊ ပြည်လမ်း၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၀၁၆၅၄၆၇၀

Website: https://mnhrc.org.mm

**နေပြည်တော် (ရုံးခွဲ)**
သဇင်လမ်းနှင့် ဇော်ဂျီ
လမ်းထောင့်၊ရွှေကြာပင်ရပ်ကွက်၊
ဇမ္ဗူသီရိမြို့နယ်။
ဖုန်း- ၀၆၇၃၄၃၂၅၉၅

**မန္တလေး (ရုံးခွဲ)**
ကမ်းနားလမ်း၊ ၃၄ လမ်းနှင့်
၃၅ လမ်းကြား၊ ဒေးဝန်းအနောက်
ရပ်ကွက်၊ ချမ်းအေးသာဇံမြို့နယ်၊
မန္တလေးမြို့။
ဖုန်း-၀၉၅၃၄၃၆၅၀

**စစ်တွေ (ရုံးခွဲ)**
ရခိုင်ပြည်နယ် အထွေထွေ
အုပ်ချုပ်ရေးဦးစီးဌာန၊
ပြည်နယ်ရုံး၊ စစ်တွေမြို့။
ဖုန်း-၀၉၄၂၅၈၆၀၀၀၈

**ပုသိမ် (ရုံးခွဲ)**
အမှတ် (၁၃) ရပ်ကွက်၊
မဟာစေတီလမ်းမကြီး၊
မြို့နယ်စုပေါင်းရုံး၊ ပုသိမ်မြို့။
ဖုန်း- ၀၄၂၂၉၃၂၇

e-Government ဌာနမှ တာဝန်ယူ ထုတ်ဝေပါသည်။
e-government@mnhrc.org.mm